www.burmeseclassic.com

# ဤအမှား

ကြည်မြ

ကောင်းကင်ပြင်သည် မှုန်မှိုင်း–အုံ့ဆိုင်း၍ နေလေသည်။

အကယ်ဆိုမူ ယခုအချိန်သည် အရှေ့ရိုးမဆီတွင် လင်းရောင်နီပင် စို့၍နေရှာမည်။ သို့ပေမင့် မိုးတိမ်မိုးခဲတို့၏ ယှက်သန်းကာဆီးမှုကြောင့် ရောင်နီကိုလည်းမမြင်ရ။ တစ်မိုးလုံး ပိန်းပိတ်၍ မှောင်ခဲ့လေသည်။ သို့ကြောင့် ရုတ်တရက်နိုးလာသူတစ်ယောက်သာဆိုမူ သန်းခေါင်ယံဟု ထင်မှားရလောက်အောင် လောကဓာတ်အလုံးသည် အမှောင်တုံးကြီးဖြစ်၍ နေတော့၏။

ထိုအတွင်း မိုးဖွဲကလေးများမှာ မုတ်သုန်လေနှင့် ပလဲနံပသင့်ကာ ဇွေစောင်းစောင်းကျဆင်းလာကြပြန်သည်။ ဤမိုးဖွဲကလေးများသည် ယမန်နေ့ညဦးပိုင်းကသည်းထန်စွာရွာခဲ့သောမိုးကြီး၏ နောက်ဆက်တွဲပင် ဖြစ်ပေသည်။ မရွာလျှင် နေသေးပေရော့၊ ရွာမည့်ရွာလျှင် အိတ်သွန်ဖာမှောက် ရွာတတ်သော ရွှေညာကမိုးသည် ယမန်နေ့ညဦးပိုင်းမှသည် မိုးသောက်လုနီးတိုင်အောင် မိုးကောင်းချောင်းစီး ရွာခဲ့လေသည်။

ကိုသက်ထွန်းသည် ခုတင်ပေါ်တွင် ပက်လက်ကလေးနေရာမှ လေးလံသောမျက်ခွံကို အားယူ၍ အထက်သို့ ပင့်လိုက်သည်။ ထို့နောက် သူ့ပေါ်သို့ တဖွားဖွားစင်လာသော မိုးစက်များဝင်ရာ မှန်ပြတင်းဆီသို့ မရှုစိမ့်မကျေနပ်သော မျက်နှာဖြင့် ကြည့်လိုက်၏။ ပြီးမှ သူသည် အံခဲကာ မျက်လွှာကို ချပြီးလျှင် ခါးဆီတွင် လျှောကျနေသောစောင်ကို သူ့တွင်ကျန်သေးသမျှအားဖြင့် အထက်သို့ တဖြည်း ဖြည်းဆွဲယူလျက် သူ့မျက်နှာကို မိုးဒဏ်မှ ကာကွယ်လိုက်ရှာ၏။

အကယ်၍ လွန်ခဲ့သည့် တစ်လအချိန်လောက်ကသာ ဤနေရာ၊ ဤခုတင်ပေါ်ဝယ် ကိုသက်ထွန်းရောက်နေခဲ့ပါလျှင် သူ့အား ဤမိုးပေါက်ကလေးများသည် ဤသို့ဝင်ရောက်နှိပ်စက်နိုင်မည်မဟုတ်။ မိုးဖွဲကလေးများကို ထားလိုက်ပါဦး၊ ဤပြတင်းမှန်များသည် တစ်ချိန်ကမူ မိုးသည်းကြီးတွေ သွန်ချသည်ကိုပင် ကြံ့ကြံ့ခံခဲ့သည် မဟုတ်ပါလား။

ယခုသော် ထိုနေရာမှ မှန်ချပ်ကလေးများမှာ အချွန်အတက်အစအနကလေးတွေအဖြစ်ဖြင့်သာ ပြတင်းပေါင်တွင် သနားဖွယ်ရာ မေးတင်၍ ကျန်ရစ်ခဲ့တော့သည်။ အခါပျက်ဆိုသည်မှာ ဖောက်၍၊ ခွဲ၍၊ လု၍ သယ်ရသည်ဟု တစ်ထစ်ချ ကျက်မှတ်ထားသော ကိုရွှေလူမသမာအချို့အတွက် တစ်ခါက သူတို့သဘောကျ ဤတံတားဦးမြို့ကလေးသည် သဇိဝသဘောမှ နိဇိဝသဘောသို့ ပျက်လျှော ရှာခဲ့ဖူးလေသည်။

ဤတံတားဦးမြို့ကား စစ်ကိုင်းနှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ်တစ်ဖက်တွင်ရှိ၍ စစ်ကိုင်းပိုင်ဖြစ်လေသည်။ တံတားဦး၏ နောက်ခံကား ကား စိမ့်ကြီး၊ မြိုင်ကြီး၊ ရိပ်ကြီးတောတောင် မဟုတ်သော်လည်း သူပုန်တို့ ခိုအောင်းမှီခိုရန်ကောင်းသည့် တောတောင်ဒေသများစွာ ရှိခဲ့သဖြင့် ကွန်မြူနစ်သူပုန်တို့၏ ခလုတ်တိုက်ခြင်းကို မကြာမကြာ ခံခဲ့ရလေသည်။

www.burmeseclassic.com



ပထမအကြိမ် တံတားဦးပျက်သော ထိုအခါက ကို ရွှေလှူမသမာအချို့သည် မကျယ်သောအမြင်နှင့် ငွေရမှု တစ်ခုတည်းကိုသာကြည့်ကာ လွတ်လပ်သော နိုင်ငံသား ပီပီ လွတ်လွတ်လပ်လပ် ဖောက်၍သယ်ယူကြလေသည်။ ဖျက်၍လည်း ယူကြလေသည်။ ထုခွဲ၍လည်း နှိုက်ကြပေ သေးသည်။ ထိုထိုသော ကံဆိုးသည် ရုပ်ဝတ္ထုများထဲတွင် ယခု ကိုသက်ထွန်းတက်နေသော ပြည်သူ့ဆေးရုံကြီးမှာ လည်း ဖောက်သည်တို့ ပြုသမျှ နခဲ့ရဖူးလေသည်။

ဆေးရုံမှ ခုတင်တွေ၊ စောင်တွေ၊ အိပ်ရာခင်းတွေ၊ သောက်ဆေးပုလင်းတွေ၊ ထိုးဆေးပုလင်းတွေ၊ ဆေးပြား ဆေးမှုန့်တွေ၊ နောက်ဆုံး ပြတင်းမှမှန်ချပ်တွေ...။ သူတို့ သည် အဘယ်မျှ စည်းမဲ့ကြပါသနည်းဆိုမှု အဖိုးတန်သည် မတန်သည်ကို သူတို့မသိ၊ လိုချင်သည့်ပစ္စည်းကိုယူ၍ မလိုချင်သည့်ပစ္စည်းကိုမူ ထုခွဲဖျက်ဆီးခဲ့ကြပေသေးသည်။

တစ်နေ့သောအခါကျလျှင် သူတို့အပြုအမူတွေ သည် သူတို့လို ပြည်သူလူထု ဆင်းရဲသားတွေ ပို၍ထိခိုက် တတ်ပါကလားဟူ၍လည်း သူတို့မတွေး၊ တွေးတောမြော် ခေါ်တတ်အောင်လည်း သူတို့မှာ ဉာဏဗလမရှိ။

ယခုသော်... ဖျားလို့မှ ဆေးဆရာမခေါ်နိုင်သော ကို သက်ထွန်းတို့လို ဆင်းရဲသားတွေ၏ အားထားရာ ပြည် သူ့ဆေးရုံမှာ မသိတတ်သူ ပြည်သူလူထုအချို့အဝက် ကြောင့် လူနာတွေအတွက် စောင်လည်း မလုံလောက်၊ ဆေးလည်းမစုံ၊ နောက်ဆုံးမှာမူကား မိုးကလေးဖြိုးဖြိုး ဖြောက်ဖြောက်ကျရုံနှင့် လူနာတွေမှာ ရွှဲရွှဲကိုစိုလို့။

* * *

အလှည့်ကျဆရာမကလေးသည် ကိုသက်ထွန်း၏ မျက်နှာ၌အုပ်လျက်ရှိသော စောင်ကို လှပ်ရန်ဟန်ပြင်လိုက် သည်။

အနီးတွင်ရပ်နေသော ကိုသက်ထွန်း၏ ဇနီးကလေး မတင်ထွေးသည် မြင်ရအံ့ဆဲဆဲ သူ့ချစ်လင်မျက်နှာပေါ်လာ မည့်ဆီသို့ အစိုးရိမ်ကြီးသော စိတ်ဇောဖြင့် ကြည့်နေလေ ၏။ မျက်တောင်မှ မခတ်နိုင်၊ အသက်မှ မှန်မှန်မရှူရဲ၊ လေသွေး၍ ကြွတက်မို့မောက်လာသည့် လှိုင်းလုံးကလေး များသဖွယ် မငြိမ်သက်သောရင်ဖြင့်သာ စူးစိုက်လျက်ရှိ ရှာ၏။

ဆရာမကလေးသည် ခေါင်းဆီမှကိုင်ကာ စောင်ကို လှစ်လိုက်၏။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် ကိုသက် ထွန်းမျက်နှာသည် "ဘွား"ခနဲ မတင်ထွေးကို နှုတ်ခွန်း ဆက်လိုက်လေ၏။ မတင်ထွေးသည် သူ့ခင်ပွန်းသည် မျက်နှာကို မကြည့်ရက်သလိုနှင့် သူ့မျက်နှာကလေးကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ "ဟင့်"ခနဲတစ်ချက်မျှ ရှိုက် လိုက်မိပါ၏။

ဆရာမသည် တွဲကျနေသော နှုတ်ခမ်း၊ ပွတက်နေ သည့် နှာခေါင်းအခြေအနေတို့ကို ကြည့်ကာ ဦးခေါင်းကို ဖြည်းညင်းစွာ ရမ်းလိုက်လေ၏။

"ဆရာမ သူ... သူလေ..."မတင်ထွေးသည် ဆို့တက် တုန်ယင်နေသောအသံကြောင့် စကားကိုမှ ဆုံးအောင် မပြောနိုင်ဘဲ ခုတင်ဘေးမှ ကိုသက်ထွန်း ခေါင်းရင်းဆီသို့ တိုး၍ သွားလေ၏။

"မနေ့ညက တစ်ညလုံးရွာတဲ့မိုးကြောင့် အအေးပတ် သွားတာပဲ။ အအေးမိဆို စောင်ကလည်း မလုံလောက်၊ မိုးကလည်းမလုံ၊ ဆေးကလည်း မပြည့်စုံနဲ့လေ" ဆရာမ သည် သူ့ဘာသာ ညည်းညူသလိုနှင့် တိုးတိုးမျှ ရေရွတ် နေလေသည်။

"ကိစ္စမရှိဘူးမဟုတ်လား ဆရာမ...ဟင်"

မတင်ထွေးသည် မျက်ရည်တွေ ဝေနေသောမျက်လုံး ဖြင့် ဆရာမကို မော်ကြည့်ကာ သူ့အတွက် အားပေးစကား ကို တောင်းလေသည်။ ဆရာမက အဖြေမပေးဘဲ လူနာ၏ မှိတ်နေသော မျက်ခွံကိုဆွဲကာ မျက်လုံးအိမ်အနေအထား ဖြင့် မျှော်လင့်ချက် ရှိ–မရှိ ကြည့်လိုက်သည်။

မတင်ထွေးကမူ ဆရာမထံမှ အဖြေမရသည်၏ အ ဆုံး၌ အားတင်းထားသော သူ့စိတ်ကို လျှော့လိုက်ပြီဖြစ် သောကြောင့် မျက်ရည်တို့သည် ကန်ပေါင်ရိုးကျိုးပေါက် လာသကဲ့သို့ ဒလဟော စီးဆင်းလာကြလေသည်။

ဆေးရုံကလေးမှာ ဆေးရုံနှင့်မမျှအောင် လူနာတွေ တင်းကြမ်းပြည့်လျက်ရှိ၏။ တချို့မှာ ခုတင်မရသဖြင့် သမံ တလင်းပေါ်မှာပင် တုံးလုံးပက်လက် အိပ်နေကြရလေ သည်။ ဤအချိန်သည် အပြင်လူများ လူနာတို့ကို မေးနိုင် ချိန်ဖြစ်သောကြောင့် မေးသံ၊ မြန်းသံ၊ ဝမ်းနည်းသံ ဝမ်း ပန်းသာ၍ ဟက်ဟက်ပက်ပက် ရယ်မောသံတို့ဖြင့် ဆူညံ လျက်ရှိသောကြောင့် လောကဓံတရားဓာတ်လှည့်စားမှုကို

www.burmeseclassic.com

www.burmeseclassic.com



တရားရှသူတို့အဖို့ ရုတ်ခြည်းရနိုင်သော အခါသမယပင် ဖြစ်ပါ၏။

ထိုအတွင်း ကိုသက်ထွန်းခုတင်ဆီသို့ အလှည့်ကျ ဆရာဝန်သည် လျှောက်၍လာလေသည်။

"ဆရာ ဟောဒီမှာ တစ်ယောက်တွေ့ပြန်ပြီ။ ဟိုအခန်းက လူနာလို အအေးပတ်သွားတာမျိုး" ဆရာမက အနီးရောက်လာသော ဆရာဝန်အား ဆီးကြို၍ ပြောလိုက်လေသည်။ ဆရာဝန်သည် စကားပြန်မပြောဘဲ ခေါင်းသာ တစ်ချက်နှစ်ချက်မျှဆတ်ကာ ပါလာသော နားကျပ်ဖြင့် ကိုသက်ထွန်း၏ ရင်အုံ၊ ဝမ်းဗိုက်စသည်တို့ကို ဟိုရွှေ့သည်ပြောင်းဖြင့် စမ်းသပ်လျက်ရှိ၏။

မတင်ထွေးသည် ဘုရား–ဘုရားနှင့် တ,ရင်း ဆရာဝန် အပြုအမူတွေကို ကြည့်လိုက်၊ ဖြူဖတ်ဖြူရော်ဖြစ်နေရှာသည့် သူ့ချစ်လင် ကိုသက်ထွန်း၏ မျက်နှာကို ကြည့်လိုက်နှင့် မျက်လုံးကလေး ကလယ်ကလယ် ဖြစ်၍နေရှာလေသည်။

အတန်ကြာသော် ဆရာဝန်သည် နားကျပ်ကို ပခုံးထက်တွင် တင်လိုက်လေ၏။ ထို့ကြောင့် သူ့မျက်မှန်ထူကြီးကို ပြင်တပ်လိုက်ရင်း ခေါင်းကို လေးဆေးစွာရမ်းကာ "ဘယ့်နှယ်မှ မတတ်နိုင်ဘူး ဆရာမ၊ ထိုးဆေးကလည်း ရှာမရတော့ဘူးလေ" ဟု အားလျော့သံကြီးနှင့် ပြောလေတော့သည်။

ထို့နောက် ဆရာဝန်သည် သနားစဖွယ် တရှိုက်ရှိုက်ဖြစ်နေသော မတင်ထွေးကလေးကိုကြည့်ကာ သူ့ဘောင်းဘီအိတ်တွင်းမှ ပုလင်းကလေးတစ်လုံးကို ထုတ်ယူလိုက်သည်။ ဆရာဝန်သည် ထိုပုလင်းငယ်ကို လက်မနှင့် လက်ညှိုးဖြင့်ညှပ်ကာ အတန်ကြာကြာကလေး ကြည့်နေပြီးမှ "ကလေးမကလေး ဟောဒီမှာ ကြည့်စမ်း၊ ဟောဒီဆေးပုလင်း သုံးလုံးလောက်သာ ဆက်ပြီးထိုးနိုင်မယ်ဆိုရင် ကလေးမယောကျ်ား ကံအပုံကြီး ကောင်းလာနိုင်သေးတယ်။ အခုတော့ ဖောက်သည်တွေ သယ်ကုန်ကြပြီလေ၊ မတတ်နိုင်တော့ဘူး" ဆရာဝန်သည် ခေါင်းကို လေးလေးကြီး ယမ်းလိုက်လေသည်။

ထိုစကားကြောင့် မတင်ထွေးမှာ ဆို့ခနဲဖြစ်သွားမိလေသည်။ သူ့မှာ ရုတ်တရက်သော် ဤ သူရပ်နေသော ဆေးရုံကြီးတစ်ခုလုံး ချာချာလည်သွားသည်ဟု ထင်ရမလောက် မူးဝေနောက်ကျိ သွားရှာလေ၏။

မျက်ရည်တို့ ဝေ့လည်ယှက်သန်းနေသော မတင်ထွေးကလေး၏ မျက်စိဝယ် တရေးရေးမြင်နေသည်မှာတော့ ဆရာဝန်ပြသွားသော ဆေးပုလင်း။

အစစ်ပါပဲ– အစစ်ပါပဲ။ ကိုသက်ထွန်း ယူလာတဲ့ ဆေးပုလင်းမျိုးကလေးတွေ။

ဤမြို့ကလေးထဲသို့ သူပုန်တို့ဝင်လာစဉ်က သူ့ချစ်လင်ကိုသက်ထွန်းသည် ဆေးရုံပစ္စည်းတွေကို သုံးခေါက်တိတိ ဖောက်သယ်လုပ်ခဲ့ပေသည်။ နောက်ဆုံးခေါက်တွင် ဆေးမှုန့်ပုလင်းကြီးတွေ၊ ဆေးရည်ပုလင်းကြီးတွေ၊ အသေးတွေ တစ်ပုံတစ်ခေါင်းကြီး ပါလာလေသည်။ ထိုပုလင်းများထဲတွင် ဆရာဝန်ပြသော စက္ကူပတ်အပြာကလေးနှင့် လည်ပင်းဟိုက်ဟိုက်သေးသေး ပုလင်းကလေး ဂျပ်ပြားဘူးရှည်ကလေးတစ်ခု၌ အတော်များများ တွေ့ရသည်။ အကန့်လိုက်– အကန့်လိုက် အခန်းကလေးများထဲမှ ထိုပုလင်းကလေးတွေမှာ လှလွန်း၍ သူကိုယ်တိုင်ထုတ်ယူကာ အတော်ကြာကြာ ကြည့်မိခဲ့သေးသည် မဟုတ်ပါလား။

အစစ်ပါပဲ။ ဒီအရွယ်၊ ဒီလိုတံဆိပ်အပြာရင့်ကလေးတွေနဲ့ ဒီလိုအဖြူရည်ဆေးပုလင်းကလေးတွေ။ အခုတော့ အဲဒီဆေးပုလင်းကလေးတွေကို တစ်ပုလင်းငါးမူးနဲ့ မြို့ထဲက ဆေးဆိုင်မှာ သူတို့ရောင်းခဲ့ပြီးပြီ။

ယခုမူ သူ့ချစ်သူ ကိုသက်ထွန်း အသက်ရှင်နိုင်မည့် ဆေးပုလင်းများမှာ သူ့လက်ဝယ်မရှိတော့။

ထိုအခါ၌ မတင်ထွေးသည် "ဆရာမ အခု အဲဒီ ဆေးပုလင်းမျိုးတွေ ယူလာခဲ့မယ်နော်" ဟုပြောရင်း ဆေးရုံမှ ပြေး၍ထွက်သွားလေသည်။

* * *

မတင်ထွေးသည် ဆေးရုံမှ ဆေးတိုက်သို့ အတော်ကလေး မြန်မြန် ပြေးလာလေသည်။

အကယ်၍ စိန်ရွှေတွဲလွဲဖြင့် ဝတ်ကောင်းစားလှ ဆင်ပြင်ထားသူ မိန်းကလေးတစ်ယောက်သာ မတင်ထွေးကဲ့သို့ မြို့လယ်ကောင်တွင် ဖိနပ်မပါဘဲ ပြေးနေပါမူ လူတို့သည် ရပ်၍ ကြည့်ကြပေလိမ့်မည်။ 'ဘာဖြစ်လာတာပဲ' ဟု စပ်စုကြပေလိမ့်မည်။

မတင်ထွေးကမူ လူတွေကြည့်ကြည့်၊ မကြည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်။ သူ့အဖို့ကား ထိုဆေးတိုက်တွင် သူတို့ရောင်းခဲ့သော ဆေးပုလင်းများထဲမှ ဆေးပုလင်း ၃ လုံးကို ပြန်၍ရရန်သာ အရေးကြီးသည်။

အတော်ကလေး သွားမိသောအခါ သူသည် တိုက်၏ အပေါက်ဝသို့ ရောက်လာသဖြင့် ကိုယ်ရှိန်သတ်ကာ ဆေးဆိုင်ထဲသို့ ဝင်သွားလေသည်။

ကံအားလျော်စွာပင် ဆေးဆိုင်တွင်း၌ လူနာ-သူနာများ ရှင်းလျက်ရှိလေ၏။ ဆိုင်တွင်းရောက်သွားသောအခါ ကျီးကန်းမျက်စိကဲ့သို့ ဆရာဝန်ကို ရှာ၏။ ဘေးဘီကိုကြည့်၏။ နောက်ဖေးကို မျှော်၏။ အစောင့်ကိုလည်းမမြင်၊ ဆရာကိုလည်း ရုတ်တရက်မတွေ့ရသောကြောင့် အလျင်လိုမှ အနေးတွေ့နေသော မတင်ထွေးမှာ မနေတတ်၊ မထိုင်တတ်ဖြစ်၍ နေလေ၏။ သူသည် အပေါက်သို့တစ်ဖန် ပြန်သွားကာ ကိုသက်ထွန်းရှိရာ ဆေးရုံကို စိတ်မချသလို ထွက်ကြည့်ပြန်၏။ ထို့နောက် အထဲသို့ ပြန်ဝင်လာပြန်၏။ သူ့မှာ ထိုင်ရမလို ထရမလိုနှင့် ဗျာများ၍သာ နေရှာလေ၏။

ထိုအတွင်း ကုလားကပြားဆရာဝန်သည် နောက်ဖေးဆီမှ အပြင်သို့ထွက်လာရာ မတင်ထွေးကိုမြင်သဖြင့် ပြုံးလိုက်ရင်း "ဟေး... ကောင်မလေး၊ ဆေးပုလင်း ရောင်းဦးမယ်လား" ဟု မေးလေ၏။

မတင်ထွေးသည် မဲ့နေသော သူ့မျက်နှာကို အားတင်း၍ပြုံးလိုက်ရာက "ရောင်းမလို့မဟုတ်ပါဘူးဆရာ၊ ကျွန်မတို့ရောင်းထားတဲ့ ဆေးပုလင်းအပြာပတ်ကလေးတွေထဲက သုံးလုံးလောက် အရင်းအတိုင်းနဲ့ မှုစေချင်လို့ပါ" ဟု ပြောလေ၏။ ထို့နောက် မတင်ထွေးသည် သူ့အိတ်ကပ်တွင်းမှ ပိုက်ဆံအားလုံးကို ထုတ်ယူကြည့်ရာ ကျပ်တန်တစ်ရွက်နှင့် မူးစေ့ ငါးစေ့တွေ့သဖြင့် တစ်မူးကို ပြန်သွင်းကာ ငွေကစ်ကျပ်ခွဲကို လက်တွင်ကိုင်ရင်း ဆရာဝန်၏ မျက်နှာကို ကြည့်နေလေသည်။

"အို... ဒီဆေးပုလင်းတွေ ကုန်သွားပြီ" ဆရာဝန်က ပြတ်တောင်းတောင်းပြော၍ ကုလားထိုင်တွင်ဝင်ထိုင်ကာ အင်္ဂလိပ်သတင်းစာတစ်စောင်ကိုယူ၍ ကြည့်နေလေသည်။

"မဟုတ်ပါဘူးဆရာ၊ ကျွန်မယောကျ်ား ဆေးရုံတက်နေရလို့ အဲဒီပုလင်းမျိုး သုံးလုံးရရင် အသက်ရှင်မယ်လို့ ပြောလို့လာရတာပါ။ ကျွန်မကို ပြန်ရောင်းပါ။ ကျွန်မတို့ ကျေးဇူးမမေ့ပါဘူး" ဤအခါ၌မူ မတင်ထွေးသည် မျက်နှာချိုမသွေးနိုင်ရှာတော့ဘဲ သူ့ပါးပြင်ပေါ်သို့ မျက်ရည်တို့သည် တလိမ့်လိမ့် ကျလာတော့၏။

"ကျေးဇူး မေ့တာတွေ- မမေ့တာတွေ ကျုပ်မသိပါဘူး။ ကျုပ်မှာ အဲဒီဆေးပုလင်းတွေ မရှိတော့ဘူးလို့ ပြောနေပြီပဲ" ဆရာဝန်သည် ဝင်လာစက အရင်လိုအချောင်ရဦးမယ်ထင်၍ မျက်နှာချိုသွေးသလောက် မျှော်လင့်ချက်မရှိတော့သော ယခုအချိန်၌ကား မတင်ထွေးအပေါ် ဆက်ဆံပုံသည် မောက်မာလှပေသည်။

မတင်ထွေးသည် ဆရာဝန်၏ စားပွဲအနီး၌ ဆောင့်ကြောင့်ကလေး ထိုင်ချလိုက်လေ၏။

"ဆရာရယ် ကျွန်မတို့ကို သနားပါ။ မရရင် ကျွန်မယောကျ်ား ရေတိမ်နစ်ရတော့မှာပါ"

ဆရာဝန်သည် သတင်းစာကိုဖယ်၍ မတင်ထွေးမျက်နှာကိုကြည့်လိုက်၏။ ပြီးမှ "ကဲ ... ကဲ နားငြီးတယ်။ ငွေ ၃ဝ ယူခဲ့။ ဆေး ၃ ပုလင်းပေးမယ်။ ဒါပဲ" ဟု ပြောကာ သတင်းစာကို ဆက်၍ကြည့်နေ၏။

မတင်ထွေးရင်ကား ဆို့ခနဲ ဖြစ်သွားလေသည်။ ယခုတော့မူ သူတို့လင်မယား၌ ကိုယ့်ရှုးနှင့်ကိုယ်ပတ်ကာ ဒုက္ခတွေ့ကြလေပြီ။ သူ့ကို သတ်ယူသော်မှ ငွေ ၃ဝ မရနိုင်သော ဤအချိန်တွင် သူ့ချစ်လင် ကိုသက်ထွန်းအသက်ကို ငွေ ၃ဝ ဖြင့် အဘယ်သို့ ကယ်ရပါမည်နည်း။

"ဆရာရယ် ကျွန်မက ဆေးလိပ်လိပ်တာပါ။ ကျွန်မယောကျ်ားက လှည်းတိုက်ပါတယ်။ ကိုသက်ထွန်း နေကောင်းလာရင် ကျွန်မတို့နှစ်ယောက်ပေါင်းပြီး ဆပ်ပါ့မယ်။ အခုတော့ ဒီငွေဖြင့် မရှိလို့ပါ၊ သေရပါစေရဲ့"

"ဒါပဲပြောနိုင်တယ်။ တစ်ပုလင်း ၁ဝ ပဲ။ ဒါ မင်းမို့ ကျုပ်လျှော့ပေးတာ။ ဒီဆေးတစ်ပုလင်း အခု ၁၅ လောက်တန်တယ် သိရဲ့လား"

"ဩော်..."

မတင်ထွေးမှာ ဒါပဲပြောနိုင်သည်။ ထို့နောက် 'ဤဆရာဝန်သည် ရက်စက်သောဆရာဝန်' ဟူ၍လည်း သူသိလိုက်ပါသေး၏။

ဆရာဝန်အလုပ်သည် မွန်မြတ်သော အလုပ်ဖြစ်သည်။ သို့ရာတွင် ငွေရမှုတစ်ခုတည်းကိုသာကြည့်၍ ဆရာဝန်လုပ်သောသူတို့အဖို့မူကား 'မွန်မြတ်သော' ဆိုသည့် နာမ

www.burmeseclassic.com

www.burmeseclassic.com



ဝိသေသနသည် မဆိုင်တော့ပေ။

အချို့သော ဆရာဝန်ကောင်းတို့ကား ဆရာဝန်ပီသစွာဖြင့် လူ့အသက်တစ်ချောင်းကို ကယ်တင်လျက် ကုကြပါ၏။ များစွာသော ဆရာဝန်တို့ကား ဤသို့မဟုတ်၊ သူတို့၏ ဆေးတစ်ခွက်၊ ဆေးတစ်ပုလင်းကြောင့် လူနာအသက်ပြန်ရှင်လာနိုင်သေးသည်ကို သိလျက်ပင် 'ငွေ'မရ၍ လူနာအား ရက်စက်စွာကျောခိုင်းသွားတတ်ရာ ထိုဆရာဝန်မျိုးကိုပင် ကံဆိုးချင်သော မတင်ထွေးသည် တွေ့၍နေရပါပြီ။

ဆေးရုံမှ ထွက်စဉ်ကမူ မျှော်လင့်ချက်ကလေးကြောင့် မောရမှန်းမသိ၊ ရှက်ရမှန်းမသိ၊ ဆေးတိုက်သို့ အပြေးအလွှားလာခဲ့၏။ သူ့မျှော်လင့်ချက် အဆောက်အအုံကြီး ပြိုကွဲပျက်စီးခဲ့ပြီဖြစ်သော ယခုအချိန်၌ကား မတင်ထွေးအဖို့ ပြေးလည်းမပြေးချင်၊ လွှားလည်းမလွှားလို၊ မျက်နှာကိုသာ ငုံ့လျက် ဆေးရုံဆီသို့ ဖြည်းဖြည်းလေးလေးကြီးသာ လျှောက်ခဲ့မိလေသည်။

ထိုအခါမှပင် ကိုသက်ထွန်းအပေါ်သို့ သူသည် သိပ်၍ ချစ်မိတော့၏။ သိပ်၍သနားမိတော့၏။ ကိုသက်ထွန်းသူ့အပေါ် ပြုစုယုယမှုကလေးများသည်လည်း မျက်စိရှေ့တွင် ပေါ်၍လာပြန်လေသည်။

သူနှင့်ကိုသက်ထွန်း အိမ်ထောင်ကျ၍ ၃ လအကြာတွင် ဤတံတားဦးမြို့ကလေးသို့ သူပုန်ဝင်၏။ သူပုန်တို့ ၁၅ ရက်လောက် ကြီးစိုးပြီးနောက် အစိုးရရောက်လာ၏။ အစိုးရဝင်ပြီးနောက် ရက်မကြာမြင့်မီပင် ကိုသက်ထွန်းအပြင်းဖျားကာ ဆေးရုံသို့တင်ခဲ့ရ၏။ သူတို့၏ အိမ်ထောင်သက်သည် လ,မျှပင် မရင့်သေးမီ ကိုသက်ထွန်းသည် ယခုသူ့အားပစ်၍...

မတင်ထွေးသည် ရှေ့သို့ဆက်၍ မတွေးရဲတော့သဖြင့် ရပ်လိုက်လေသည်။

တဖြည်းဖြည်း လျှောက်လာရာက သူ့ရှေ့ မလှမ်းမကမ်းတွင် ဆေးရုံကြီးကို မြင်ရပါပြီ။ မတင်ထွေးရင်သည် တဒိတ်ဒိတ် ခုန်နေ၏။ ဆေးရုံတွင်း ဝင်ရမည်ကိုပင် မဝံ့အောင် ဖြစ်နေ၏။ သူ့ခြေတို့သည် နှေးကွေး လေးလံလွန်းလှပါ၏တကား။

သူ့ကိုယ်သူ အားတင်းကာ ဆေးရုံတွင်းသို့ ဝင်ခဲ့လေသည်။ ကိုသက်ထွန်းရှိရာ အခန်းဆီသို့ တိုးခဲ့၏။ ကိုသက်ထွန်းထားရာခုတင်ကို မျှော်၍ကြည့်လိုက်၏။

ခုတင်ပေါ်၌ သူ့ချစ်သူ ကိုသက်ထွန်းကား မတွေ့ရတော့။

တကယ်လို့ ကိုသက်ထွန်းတို့လိုလူတွေဟာ ဒီဆေးရုံကပစ္စည်းတွေကို မယူကြဘူးဆိုရင်... မတင်ထွေး၏နောင်တ တရားမှ ထွက်ပေါ်လာသော ရှိုက်သံကိုမှ သူ့ကိုသက်ထွန်းကား မကြားရှာတော့ပေ။

❖

အတွဲ–၁၊ အမှတ်–၆၊ ၁၉၅၃၊ မေ၊ မြဝတီမဂ္ဂဇင်း

www.burmeseclassic.com